Public Disclosure Authorized
Public Disclosure Authorized

# မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု

စာတမ်းတို အမှတ်(၁)

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်

**မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှု (MYANMAR COVID-19 MONITORING)** ကို မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ အကူအညီဖြင့် ကမ္ဘာ့ဘဏ်၏ ဆင်းရဲနွမ်းပါးမှုနှင့် သာတူညီမျှမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (POVERTY AND EQUITY GLOBAL PRACTICE)နှင့် မေခရိုစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (MACRO, TRADE AND INVESTMENT GLOBAL PRACTICE) တို့မှ အိမ်ထောင်စုများ၏ နေထိုင်မှုအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များဆိုင်ရာ နောက်ဆုံးရအချက်အလက်များကို ပံ့မှန်ပံ့ပိုးပေးနိုင်ရန် လစဉ်ကောက်ယူလျက်ရှိသော အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်း စစ်တမ်းတစ်ခုကို အခြေခံကာ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာကျင့်သုံးမှုအဖွဲ့ (SOCIAL DEVELOPMENT GLOBAL PRACTICE) မှ ဦးဆောင်ကောက်ယူသော ရပ်ရွာစစ်တမ်းတစ်ခုကိုလည်း ထည့်သွင်းထားပါသည်။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ စောင့်ကြည့်လေ့လာမှုကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန၊ ကိုရီးယားနိုင်ငံအစိုးရ၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့မှ စုပေါင်းထည့်ဝင်သော စာရင်းအင်းစွမ်းရည်မြှင့်တင်ရေးရန်ပုံငွေ (TRUST FUND FOR STATISTICAL CAPACITY BUILDING – TFSCBIII) မှ ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအစိုးရ၊ ဒိန်းမတ်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံအစိုးရနှင့် ဆွီဒင်နိုင်ငံအစိုးရတို့မှလည်း ထပ်ဆောင်းပံ့ပိုးကူညီထားပါသည်။

အီးမေးလ် → MYANMAR@WORLDBANK.ORG

THE WORLD BANK
IBRD • IDA

MYANMAR CSO

# ကြိမ်နှုန်းမြင့် အိမ်ထောင်စု စောင့်ကြည့်လေ့လာမှုမှ သတင်းအချက်အလက်များ

## ပထမအသုတ်စောင့်ကြည့်လေ့လာမှုမှ ရလဒ်များအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့အထိ



*ဤစာတမ်းတိုသည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ကျပန်းရွေးချယ်ထားသော အိမ်ထောင်စုပေါင်း ၁,၅၀၀ အား ကောက်ယူထားသည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော စစ်တမ်း (၈) ကြိမ်တွင် ပထမအကြိမ်စစ်တမ်းမှ အဓိကတွေ့ရှိချက်များအား တင်ပြထားပါသည်။ စစ်တမ်းများကို ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့အထိ ကာလအတွင်း မိနစ် ၂၀ ကြာ ဖုန်းဖြင့် မေးမြန်း၍ ကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။*


# အဓိကသတင်းစကားများ



အလုပ်အကိုင်နှင့် လုပ်သားများ၏ ဝင်ငွေအပေါ်ထိခိုက်မှုများသည် ကြီးမားပြင်းထန်ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ထက်ဝက်တွင် အဓိကအလုပ်လုပ်သူသည် လွန်ခဲ့သော (၇) ရက်အတွင်း အလုပ်မလုပ်ခဲ့ရပါ။ အလုပ်လုပ်နေဆဲဖြစ်သည့် ကျန်ထက်ဝက်သည်လည်း ၂၀၂၀ ပြည့်နှစ် မတ်လကုန်မှ စတင်၍ ဝင်ငွေကျဆင်းမှုကို ကြုံတွေ့နေရပါသည်။



အိမ်ထောင်စုများတွင် ရွေးချယ်လုပ်ကိုင်စရာ အသက်မွေးမှု လုပ်ငန်းအမျိုးအစားများ လျော့နည်းသွားပါသည်။ အိမ်ထောင်စုပြင်ပနှင့် အိမ်ထောင်စုပိုင် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်မှုများ ကျဆင်းသွားသလို ငွေလွှဲပေးပို့မှုများ လက်ခံရရှိမှုလည်း ကျဆင်းသွားပါသည်။



စားနပ်ရိက္ခာဖူလုံမှုအတွက် ပူပန်စရာ မလိုသေးပါ။ သို့သော် ကိုဗစ်-၁၉ ကြောင့် ဝင်ငွေအခက်အခဲဖြစ်မှုကို ကျော်လွှားနိုင်ရန် အစားအစာစားသုံးမှုကို ကန့်သတ်ခဲ့သည်ဟုဆိုသော အိမ်ထောင်စုများအတွက်မူ ပူပန်စရာကိစ္စ ဖြစ်လာနိုင်ပါသည်။



**မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကြောင့် များစွာ ထိခိုက်ဆုံးရှုံးမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့စီးပွားရေး နေးကွေးသွားမှုနှင့် နိုင်ငံတွင်း ကူးစက်ပြန့်ပွားမှုကို ကန့်သတ်ထိန်းချုပ်ရန် ဆောင်ရွက်မှုများကြောင့် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) တိုးတက်နှုန်းသည် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝ.၅ ရာခိုင်နှုန်းမျှသာ ရှိတော့မည်ဟု ခန့်မှန်းပါသည်။**[၁] ဤအကျပ်အတည်းသည် အိမ်ထောင်စုများ၏ အသက်မွေးမှုလုပ်ငန်းများကို ထိခိုက်စေလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့ကပ်ရောဂါနှင့် ယင်းနှင့် ဆက်နွယ်သော ကန့်သတ်ထိန်းချုပ်နိုင်ရေး လုပ်ဆောင်မှုများသည် လက်ကားနှင့် လက်လီကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေးကဲ့သို့ အလုပ်အကိုင် အမြောက်အမြား ပေးထားသော လုပ်ငန်းကဏ္ဍများအတွင်းရှိ စီးပွားရေး လုပ်ဆောင်မှုများကို ပျက်ပြားစေလျက် ရှိပါသည်။ ရလဒ်အနေဖြင့် အိမ်ထောင်စုများသည် အလုပ်အကိုင် ဆုံးရှုံးခြင်း သို့မဟုတ် ဝင်ငွေလျော့ကျခြင်းများကို ရင်ဆိုင်ရနိုင်ပါသည်။ အိမ်ထောင်စုများသည် ဆင်းရဲတွင်းသို့ သက်ဆင်းသွားနိုင်သည့် အန္တရာယ်ရှိပြီး စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ် ရှိပါသည်။

**အကျပ်အတည်း၏ သက်ရောက်မှုကို ဆန်းစစ်ပြီး ဆင်းရဲနွမ်းပါး၍ ထိခိုက်လွယ်သော အိမ်ထောင်စုများကို ကာကွယ်စောင့်ရှောက်ပေးသည့်မူဝါဒများ ချမှတ်နိုင်ရေးတွင် နောက်ဆုံးရအချက်အလက် အထောက်အထားများသည် အဓိကကျပါသည်။** ၂၀၁၇ ခုနှစ်နောက်ပိုင်း နေထိုင်မှုအခြေအနေဆိုင်ရာ အချက်အလက်များ မရှိခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း အလုပ်အကိုင်၊ ဝင်ငွေနှင့် ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ အပြောင်းအလဲများကို စောင့်ကြည့်လေ့လာရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်မှ အိမ်ထောင်စုများအား ကြိမ်နှုန်းမြင့် ဖုန်းစစ်တမ်းကောက်ယူခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ပံ့ပိုးကူညီခဲ့ပါသည်။

**အိမ်ထောင်စုများ၏ ထက်ဝက်ကျော်တွင် အဓိက လုပ်ကိုင်ကျွေးမွေးသူသည် အလုပ်လက်မဲ့ ဖြစ်နေပါသည်။** အိမ်ထောင်စုဆယ်စုတွင် ခြောက်စုကျော်ရှိ စိုက်ပျိုးရေး ကျပန်းလုပ်သားအဖြစ် အဓိက အလုပ်လုပ်ကိုင်နေသူများသည် လွန်ခဲ့သော ခုနစ်ရက်အတွင်း အလုပ်မလုပ်ခဲ့ရပါ။ အလားတူပင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသူများ၏ ၅၀ ရာခိုင်နှုန်းသည်လည်း အလုပ်မရှိကြပါ။ ကုန်ထုတ်လုပ်မှုနှင့် လက်လီကုန်သွယ်မှုတို့တွင် လုပ်ကိုင်နေသည့် အိမ်ထောင်စုများအား အဓိက ရှာဖွေကျွေးမွေးနေသူများမှာမူ အနည်းငယ်မျှ ပို၍ အခြေအနေကောင်းပါသည်။ ၎င်းတို့ထဲတွင် လွန်ခဲ့သော (၇) ရက်အတွင်း အလုပ်မရှိသူသည် ၄၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင် အလုပ်ပြောင်းလုပ်ခဲ့သည့် အိမ်ထောင်စုများ၏ အဓိကလုပ်ကိုင် ကျွေးမွေးသူသည် (၄) ရာခိုင်နှုန်းသာ ရှိပါသည်။

**အလုပ်ရှိနေဆဲဖြစ်သောသူများကြားတွင် အစိုးရဝန်ထမ်းများမှလွဲ၍ အခြားအလုပ်အကိုင်ကဏ္ဍများ အားလုံးတွင် အလုပ်အကိုင် မဆုံးရှုံးသော်လည်း ဝင်ငွေဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါသည်။** ယေဘုယျခြုံကြည့်မည်ဆိုလျှင် အလုပ်လုပ်နေဆဲ အိမ်ထောင်စုများ၏ အဓိက အလုပ်လုပ်သူများထဲတွင် ထက်ဝက်ကျော်သည် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင် ၎င်းတို့၏ဝင်ငွေများကျဆင်းသွားခဲ့ပါသည်။ ကဏ္ဍများအားလုံးတွင် လုပ်သားများ၏ ၅၀ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းကြားသည် ဝင်ငွေကျဆင်းမှုကို ကြုံတွေ့ခဲ့ရပါသည်။ အစိုးရဝန်ထမ်းများအပါအဝင် "အခြားဝန်ဆောင်မှုများ" တွင် အလုပ်လုပ်နေသူများတွင်သာ ဝင်ငွေတည်ငြိမ်မှု ရှိသည်ကို တွေ့ရပါသည်။

**မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများမှာလည်း အထိနာခဲ့ပါသည်။** ထိုလုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းသည် လက်လီကုန်သွယ်မှုကဏ္ဍမှ ဖြစ်သောကြောင့် ထိုလုပ်ငန်းများအပေါ် ထိခိုက်မှုမှာ မြင့်မားပါသည်။ မိသားစုလုပ်ငန်းဆယ်ခုတွင် ရှစ်ခုက ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ဝင်ငွေလျော့နည်းသွားသည် သို့မဟုတ် ဝင်ငွေလုံးဝမရှိ ဟုဆိုပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေး လုပ်ငန်းများသည်လည်း အလားတူ တွေ့ကြုံရပါသည်။ သို့သော် ထိုလုပ်ငန်းအမျိုးအစားများမှာ ရာခိုင်နှုန်းအနည်းငယ်မျှသာ ရှိပါသည်။

**ထို့အပြင် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်ချိန်မှစ၍ လယ်ယာထွန်ယက်စိုက်ပျိုးသော အိမ်ထောင်စုများ၏ ကြီးမားသော ရာခိုင်နှုန်းသည်လည်း ပုံမှန်လယ်ယာစိုက်ပျိုးမှုလုပ်ငန်းများ သို့မဟုတ် ဆန်စပါးစိုက်ပျိုးမှုများကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။** အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သည် လယ်ယာစိုက်ပျိုးမှုနှင့် ဆန်စပါးစိုက်ပျိုးမှုတို့ကို လုပ်ဆောင်ပါသည် (လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုများ၏ ၄၃ ရာခိုင်နှုန်း)။ သို့သော် အဆိုပါ လယ်ယာစိုက်ပျိုးသော အိမ်ထောင်စုများ၊ ပို၍ စိတ်ပူစရာကောင်းသည်မှာ ဆန်စပါးစိုက်ပျိုးသော အိမ်ထောင်စုများသည် ယခုနှစ်၏ စိုက်ပျိုးရာသီတွင် ထွန်ယက်စိုက်ပျိုးနိုင်မှု မရှိခြင်းပင် ဖြစ်ပါသည်။ ဆန်စပါးစိုက်ပျိုးသော တောင်သူများ၏ ၇၅ ရာခိုင်နှုန်းသည် လာမည့်ရာသီ အတွက် ဆန်စပါးစိုက်ပျိုးခြင်းကို ယခုထက်တိုင် မစတင်ရသေးပါ။ ဆန်စပါးကို အောင်မြင်စွာ စိုက်ပျိုးရိတ်သိမ်းနိုင်ရန် လိုအပ်သည့်အလုပ်များကို လိုအပ်သလောက် လုပ်ဆောင်နိုင်မှု မရှိပါကြောင်း ဆန်စပါးစိုက်ပျိုးသော တောင်သူများအားလုံးက ဆိုပါသည်။ ထို့ပြင် ယခုနှစ် မိုးရာသီအဝင် နောက်ကျခြင်းကလည်း နောက်ထပ်စိတ်ပူပန်စရာကိစ္စ တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အိမ်ထောင်စုများတွင် ရွေးချယ်လုပ်ကိုင်စရာ အသက်မွေးမှုလုပ်ငန်းအမျိုးအစားများလည်း လျော့နည်းသွားပါသည်။** ၂၀၂၀ ပြည့်နှစ် မတ်လမတိုင်မီက အိမ်ထောင်စုများ၏ ၁၇ ရာခိုင်နှုန်းသည် ကဏ္ဍနှစ်ခုတွင် အလုပ်လုပ်ကိုင်ကြပြီး မည်သည့်ကဏ္ဍတွင်မှ အလုပ်မလုပ်သော အိမ်ထောင်စုမှာ ၁၃ ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင် ကဏ္ဍနှစ်ခု၌ အလုပ်လုပ်ကိုင်သော အိမ်ထောင်စုများမှာ ၈ ရာခိုင်နှုန်းခန့်သာရှိပြီး မည်သည့်အသက်မွေးဝမ်းကျောင်းမှု အလုပ်ကိုမျှ လုပ်ကိုင်ခြင်းမရှိသော အိမ်ထောင်စုမှာ ၂၁ ရာခိုင်နှုန်းအထိ ထိုးတက်သွားပါသည်။ ထို့ပြင်အိမ်ထောင်စုများသည် ငွေလွှဲပေးပို့မှုများ သိသိသာသာ ကျဆင်းသွားခြင်းကြောင့် အလုပ်လုပ်ခြင်းကြောင့်မဟုတ်ဘဲ ရရှိသည့် ထိုဝင်ငွေကိုလည်း ဆုံးရှုံးကြပါသည်။ မတ်လအစောပိုင်းမှ စတင်၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်လာခြင်းနှင့်အတူ ငွေလွှဲပေးပို့မှုများကို လက်ခံရရှိနေသည့် အိမ်ထောင်စုလေးစုတွင် သုံးစုသည် ငွေလွှဲပေးပို့မှုများ လက်ခံရရှိမှု လျော့နည်းသွားခြင်း သို့မဟုတ် လုံးဝမရတော့ခြင်းများ ဖြစ်ပေါ် ခဲ့ပါသည်။

**အိမ်ထောင်စုများသည် ဝင်ငွေများဆုံးရှုံးခြင်းကို ဖြေရှင်းရန်အတွက် အစားအစာ စားသုံးမှုများကို လျှော့ချခဲ့ကြောင်း ပြောပြကြသဖြင့် စားနပ်ရိက္ခာဖူလုံမှုသည်လည်း စိုးရိမ်ပူပန်ရမည့် ကိစ္စတစ်ခုအဖြစ် ပေါ်ထွက်လာပါသည်။** ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်းတွင်ပင်လျှင် အိမ်ထောင်စုအများစုသည် ဆန်နှင့် အသားဓာတ် (ကြက်သား) ကို ဝယ်ယူနိုင်ခဲ့ကြပါသည်။ သို့သော် အိမ်ထောင်စုများ၏ ၁၁ ရာခိုင်နှုန်းတွင် အရွယ်ရောက်သူ အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးသည်လွန်ခဲ့သော ရက်ပေါင်း ၃၀ အတွင်းတွင် စားနေကျထက် လျှော့စားခဲ့ရပါသည်။ ထိုအချိန်ကာလအတွင်းမှာပင် အိမ်ထောင်စုများ၏ ၇ ရာခိုင်နှုန်းသည် အစားအစာပြတ်လပ်ခဲ့သည်ဟု ဆိုပါသည်။ အိမ်ထောင်စုများ၏ ထက်ဝက်ခန့်သည် ဒုက္ခအကျပ်အတည်းကိုကျော်လွှားရန် ၎င်းတို့၏ အစားအစာ စားသုံးမှုကို လျှော့ချခဲ့သည်ဟုဆိုသောကြောင့် ရေရှည်တွင် စားနပ်ရိက္ခာဖူလုံမှုနှင့် လူသားဖွံ့ဖြိုးမှုကို ခြိမ်းခြောက်နေပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်၍ အိမ်ထောင်စုများ၏ ၁၅ ရာခိုင်နှုန်းသည်သာလျှင် အစိုးရထံမှ စားနပ်ရိက္ခာအကူအညီကို လက်ခံရရှိခဲ့ပါသည်။

[၁] Myanmar Economic Monitor: Myanmar in the Time of COVID–19 (မြန်မာ့စီးပွားရေးစောင့်ကြည့်လေ့လာမှု – ကိုဗစ်–၁၉ ကာလအတွင်းရှိ မြန်မာနိုင်ငံ): Myanmar Economic Monitor June 2020 (English). Washington, D.C.: World Bank Group. http://documents.worldbank.org/curated/en/806001593183687694/Myanmar–Economic–Monitor–Myanmar–in–the–Time–of–COVID–19

ပုံ (၁) အိမ်ထောင်စုအတွင်း အဓိကအလုပ်လုပ်သူများတွင် အလုပ်အကိုင်မရှိသော သို့မဟုတ် ဝင်ငွေလျော့နည်းသွားသော အိမ်ထောင်စုရာခိုင်နှုန်း




ပုံ (၂) လုပ်ငန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင်မှု အပြောင်းအလဲများ

